# နိုင်ငံတော်အကျိုးစီးပွား နှင့် နိုင်ငံခြားဆက်ဆံရေးများ

## မာတိကာ


၁။ စာရေးသူ၏အမှာ ၇

၂။ ကျေးဇူးတင်စကား ၁၅

**အခန်း (၁)**

၃။ နိုင်ငံတော်အကျိုးစီးပွားဆိုသည်မှာ ၁၇

**အခန်း (၂)**

၄။ နိုင်ငံရေး အကျိုးစီးပွားနှင့် နိုင်ငံခြားဆက်ဆံရေးများ ၃၇
(က) မြန်မာနိုင်ငံ ၄၀
(ခ) အင်ဒိုနီးရှားနိုင်ငံ ၆၈
(ဂ) ထိုင်းနိုင်ငံ ၉၁
(ဃ) မလေးရှားနိုင်ငံ ၁၁၁
(င) စင်ကာပူနိုင်ငံ ၁၃၆
(စ) နိုင်းယှဉ်လေ့လာချက်များ ၁၅၉

**အခန်း (၃)**

၅။ စီးပွားရေး အကျိုးစီးပွားနှင့် နိုင်ငံခြားဆက်ဆံရေးများ ၁၈၀
(က) မြန်မာနိုင်ငံ ၁၈၆
(ခ) အင်ဒိုနီးရှားနိုင်ငံ ၂၀၅
(ဂ) ထိုင်းနိုင်ငံ ၂၂၂
(ဃ) မလေးရှားနိုင်ငံ ၂၃၃
(င) စင်ကာပူနိုင်ငံ ၂၄၈
(စ) နိုင်းယှဉ်လေ့လာချက်များ ၂၆၂

**အခန်း (၄)**

၆။ လူမှုရေး အကျိုးစီးပွားနှင့် နိုင်ငံခြားဆက်ဆံရေးများ ၂၈၅
(က) မြန်မာနိုင်ငံ ၂၉၁
(ခ) ထိုင်းနိုင်ငံ ၃၀၀
(ဂ) အင်ဒိုနီးရှားနိုင်ငံ ၃၂၀
(ဃ) မလေးရှားနိုင်ငံ ၃၃၅
(င) စင်ကာပူနိုင်ငံ ၃၄၈
(စ) နိုင်းယှဉ်လေ့လာချက်များ ၃၆၃

**အခန်း (၅)**

၇။ စစ်အေးလွန်ကာလ နိုင်ငံခြားဆက်ဆံရေးများ ၃၈၁
(က) မြန်မာနိုင်ငံ ၃၈၄
(ခ) ထိုင်းနိုင်ငံ ၄၀၇
(ဂ) အင်ဒိုနီးရှားနိုင်ငံ ၄၂၀
(ဃ) မလေးရှားနိုင်ငံ ၄၂၈
(င) စင်ကာပူနိုင်ငံ ၄၃၉
(စ) နိုင်းယှဉ်လေ့လာချက်များ ၄၄၆

၈။ နိဂုံးချုပ်စကား ၄၆၀

၉။ ကိုးကားရည်ညွှန်းသော စာအုပ်စာတမ်းများ ၄၆၈

၁၀။ စာရေးသူ၏ကိုယ်ရေးအကျဉ်း ၄၈၁




အခန်း (၁) တွင် နိုင်ငံတော် အကျိုးစီးပွားများ ဆိုသည်မှာ အဘယ်နည်းကို ဦးစွာလေ့လာပြီး နိုင်ငံရေး/လုံခြုံရေးအကျိုးစီးပွား၊ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအကျိုးစီးပွားနှင့် လူမှုရေးအကျိုးစီးပွားများနှင့် နိုင်ငံခြားဆက်ဆံရေးများ၏ ဆက်စပ်နေခြင်းအကြောင်းကို ရေးသားထားပါသည်။ ယင်းအခန်းမှာ နိဒါန်းသဘောမျိုး ဖြစ်ပါသည်။

အခန်း (၂) တွင် မြန်မာ၊ အင်ဒိုနီးရှား၊ ထိုင်း၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့က နိုင်ငံရေးအကျိုးစီးပွားများကို မည်သို့ ဆောင်ရွက်ကြသည်များကို နိုင်ငံတစ်နိုင်ငံချင်း ရေးသားပါသည်။ နိုင်ငံရေးအမျိုးသားအကျိုးစီးပွားနှင့် တိုက်ရိုက်သက်ဆိုင်ပြီး နိုင်ငံခြားဆက်ဆံရေး၏ သဘောသဘာဝကို ပေါ်လွင်သော ဖြစ်ရပ်အချို့ကိုသာ ရွေးထုတ်ပါသည်။ ယင်းအခန်း သုံးသပ်ချက်တွင် နိုင်ငံခြားဆက်ဆံရေးဆိုင်ရာ သီဝရီအယူအဆအချို့နှင့် ချဉ်းကပ်ပြီး နားလည်နိုင်ရန် ကြိုးစားထားပါသည်။ ပမာအားဖြင့် မြန်မာနှင့် အင်ဒိုနီးရှားနိုင်ငံများသည် လွတ်လပ်ပြီးစ ကာလတွင် လစ်ဘရယ်အယူအဆများကို အလေးထားကြောင်း၊ ထိုင်းနှင့် မလေးရှားတို့က ရီယယ်လစ်ဇင်ကို အလေးထားကြောင်း ဖော်ပြထားပါသည်။

အခန်း (၃) တွင် စီးပွားရေး အကျိုးစီးပွားကို ဖော်ဆောင်သော နိုင်ငံခြားဆက်ဆံရေးများကို နိုင်ငံတစ်နိုင်ငံချင်းအလိုက် လေ့လာပါသည်။ နိုင်ငံတိုင်းတွင် တွေ့မြင်ရသော စီးပွားတိုးတက်ရေးအတွက် နိုင်ငံအစိုးရ၏ အခန်းကဏ္ဍနှင့် အခြေခံမူဝါဒလမ်းကြောင်းကို ဖော်ပြပါသည်။ စီးပွားတိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံခြားစီးပွား အကူအညီရယူရန် ကြိုးစားကြရာတွင် နိုင်ငံအချို့က နောင်ကြိုးမဲ့ စီးပွားရေးအကူအညီဆိုသည်ကို ရယူလိုကြပြီး အချို့က နိုင်ငံခြား စီးပွားရေးအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၏ ပါဝင်ဆောင်ရွက်သော အကူအညီများဖြင့် တိုးတက်ဖွံ့ဖြိုးရေးကို အလေးထားကြခြင်း အကြောင်းခြင်းရာများကို ပေါ်လွင်စေရန် အားထုတ်ပါသည်။

အခန်း (၄) တွင် လူမှုရေး အကျိုးစီးပွား ခေါ် လူမှုရေးတန်ဖိုးများ၊ ယဉ်ကျေးမှုတန်ဖိုးများနှင့် နိုင်ငံခြားဆက်ဆံရေး ဆက်စပ်နေခြင်းများကို အလေးထားပါသည်။ လေ့လာသော နိုင်ငံများတွင် အစဉ်အလာ လူမှုရေးနှင့် ယဉ်ကျေးမှုတန်ဖိုးများ ထားရှိကြခြင်းနှင့် စစ်အေးကာလနှင့် စစ်အေးလွန်ခေတ်ကာလ နိုင်ငံခြားဆက်ဆံရေးများတွင် အရေးပါလာသော ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များနှင့် ကွဲလွဲဆန့်ကျင်ဖြစ်နေခြင်း အကြောင်းများကို ရေးသားပါသည်။ ထို့နောက် တစ်နိုင်ငံချင်းအလိုက် နိုင်ငံခြားဆက်ဆံရေးများကို ရေးသားပါသည်။ အထူးသဖြင့် အာရှတန်ဖိုးများ အယူအဆနှင့် အနောက်နိုင်ငံများက အလေးထားသော နိုင်ငံအစိုးရတာဝန်၊ အယူအဆအကြောင်းများကိုလည်း အနည်းငယ် ထည့်သွင်းဖော်ပြထားပါသည်။

အခန်း (၅) စစ်အေးလွန်ကာလ နိုင်ငံခြားဆက်ဆံရေးများကို တစ်နိုင်ငံချင်းအလိုက် ရေးသားရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအကျိုးစီးပွားများဟု သီးခြားမပိုင်းခြားနိုင်ပါ။ ၁၉၉၀ ပြည့်လွန်နှစ်များမှ



မျက်မှောက်ကာလတိုင် တဖြည်းဖြည်း အားယူ အရှိန်မြင့်လာသော အမေရိကန်နှင့် တရုတ်နိုင်ငံတို့၏ ပြိုင်ဆိုင်မှုများကို အဓိကနောက်ခံထားပြီး တစ်နိုင်ငံချင်းအလိုက် လုံခြုံရေး/ နိုင်ငံရေးအမျိုးသားအကျိုးစီးပွားနှင့် စီးပွား ဖွံ့ဖြိုးတိုးတက်ရေး အကျိုးစီးပွားများအတွက် ဆောင်ရွက်ကြသည်များကို ပေါင်းစပ်ရေးသားထားပါသည်။ အခန်း (၄) တွင် စစ်အေးလွန်ကာလ လူမှုရေးအကျိုးစီးပွားကို ထည့်သွင်းဖော်ပြထားပြီး ဖြစ်သောကြောင့် ယင်းအကြောင်းကို ထပ်မံ မဖော်ပြတော့ပါ။